# ၁၉၆၂ ခုနှစ်၊ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၄၀။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါဥပဒေဟုရည်ညွှန်းသည့် ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေ ပုဒ်မ ၁၁ တွင်—

(က) ပုဒ်မခွဲ (၁) ရှိအပိုဒ် (ဃ) အစား၊ အောက်ပါကို အပိုဒ် (ဃ) အဖြစ်ထည့်သွင်းရမည်။

"(ဃ) ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ပေးမှုအတွက်၎င်း၊ အစိုးရကဖွင့်လှစ်သော တိုင်းရင်းမြန်မာ အခမဲ့ဆေးကုဌာနများ တိုးတက်ကောင်းမွန်ရေးအတွက်၎င်း၊ အစိုးရသို့ အကြံဉာဏ်ပေးရန်။"

(ခ) ပုဒ်မခွဲ (၂) ရှိအပိုဒ် (က) နှင့် အပိုဒ် (ဂ) အစား၊ အောက်ပါကို အပိုဒ် (က) နှင့်အပိုဒ် (ဂ) အဖြစ် ထည့်သွင်းရမည်။

"(က) တိုင်းရင်းမြန်မာဆေးပညာ စာမေးပွဲဆိုင်ရာ ဘာသာရပ်များကို ပြဋ္ဌာန်းခြင်းနှင့် လိုအပ်ပါက ထိုဘာသာရပ်များ ပြဋ္ဌာန်းရန်အတွက် သင့်တော်သော ပုဂ္ဂိုလ်များကို ခန့်ထားခြင်း။"

"(ဂ) တိုင်းရင်းမြန်မာဆေးပညာစာမေးပွဲအတွက် မေးခွန်းထုတ်ခြင်း၊ အဖြေအမှတ်ပေးခြင်းနှင့် ယင်းသို့ မေးခွန်းထုတ်ခြင်း၊အဖြေအမှတ်ပေးခြင်းအတွက် လိုအပ်ပါက သင့်တော်သော ပုဂ္ဂိုလ်များကို ခန့်ထားခြင်း၊ ထိုပုဂ္ဂိုလ်များအား ဉာဏ်ပူဇော်ခပေးခြင်း၊ စာမေးပွဲကျင်းပခြင်း၊ စာမေးပွဲဖြေဆိုသူတို့ထံမှ အခကြေးငွေကောက်ခံခြင်း။"

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၂၂ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၂၂-က အဖြစ် ထည့်သွင်းရမည်။

မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်း နှင့် မှတ်ပုံအသစ် တင်ပေးရန် အရည်အချင်း သတ်မှတ်ခြင်း။

"၂၂-က။ ။ဤအက်ဥပဒေအခြားနေရာများတွင်မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌသည်—

(က) တိုင်းရင်းဆေးဆရာများအား မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်နိုင်သည်။

(ခ) မှတ်ပုံအသစ်တင်ရန်အတွက် တိုင်းရင်းဆေးဆရာ၏ အရည်အချင်းကိုသတ်မှတ်နိုင်သည်။"

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၂၈ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၂၈-က အဖြစ် ထည့်သွင်းရမည်။

တိုင်းရင်းဆေးဆရာ အဖွဲ့ဝင်များ၏ အမှုထမ်းရွက်ခြင်းကို ရပ်စဲခြင်း။

"၂၈-က။ ။(၁) ဤအက်ဥပဒေအခြားနေရာများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ တိုင်းရင်းဆေးဆရာအဖွဲ့ဝင်အားလုံးသို့တည်းမဟုတ် ထည်းဦး၏အမှုထမ်းရွက်ခြင်းကိုမည်သည့်အခါမဆို ရပ်စဲနိုင်သည့်ပြင်၊ ယင်းသို့ ရပ်စဲခြင်းခံရသော တိုင်းရင်းဆေးဆရာအဖွဲ့ဝင်များ၏ နေရာတွင်၊ အဖွဲ့ဝင်သစ်များကို ခန့်ထားနိုင်သည်။ ထိုသို့အဖွဲ့ဝင်အားလုံး၏ အမှုထမ်းရွက်ခြင်းကို ရပ်စဲခဲ့ပါလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ဖော်ပြပါပုဂ္ဂိုလ်ခုနစ်ဦးပါဝင်သည့် တိုင်းရင်းဆေးဆရာအဖွဲ့တခုကို ဖွဲ့စည်းနိုင်သည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက ခန့်ရမည့် တိုင်းရင်းဆေးဆရာအဖွဲ့ ဥက္ကဋ္ဌ။

(ခ) တိုင်းရင်းမြန်မာဆေးပညာအတတ်ဖြင့် ဆေးကုသည့် အလုပ်ကို လုပ်ကိုင်လာကြသူများအထဲမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး ကောင်စီဥက္ကဋ္ဌက ရွေးချယ်သည့် ဆေးဆရာငါးဦး။

(ဂ) အကျိုးဆောင်အတွင်းရေးမှူးတဦး။

(၂) တိုင်းရင်းဆေးဆရာအဖွဲ့သည်၊ ဤအက်ဥပဒေအရ ပေးအပ်ထားသော အာဏာများနှင့် အပ်နှင်းထားသော တာဝန်အလုပ်ဝတ္တရားများကိုသုံးစွဲဆောင်ရွက်ရမည်။

(၃) ပုဒ်မ ၉ (၃) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၁) အရဖွဲ့စည်းထားသည့်တိုင်းရင်းဆေးဆရာအဖွဲ့၏ မည်သည့်အစည်းအဝေးတွင်မဆို အဖွဲ့ဝင်လေးဦးတက်ရောက်လျှင်အစည်းအဝေး ထမြောက်စေရမည်။"